# MYANMAR ONLINE SECURITY SERVICE

Building (17), Ground Floor, MICT Park, Universities' Hlaing Campus, Hlaing Township, Yangon, Myanmar
Tel : 95-1 521128, 521129, Email : operating@moss.com.mm

## ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ဝန်ဆောင်မှု အသုံးပြုခြင်းဆိုင်ရာပြဌာန်းချက်

### ၁။ နိဒါန်း

၁.၁ မြန်မာအွန်လိုင်းလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်အား သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ (CA) အဖြစ် လုပ်ငန်းဆောင်ရွက်နိုင်ရန် ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ကြီးကြပ်မှုအဖွဲ့မှ မြန်မာအွန်လိုင်းလုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီလီမိတက် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ (MOSSCA)အဖြစ် လုပ်ငန်းလိုင်စင် ထုတ်ပေးခဲ့ပါသည်။

၁.၂ ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် အညီ နိုင်ငံအတွင်း ကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် မြန်မာအွန်လိုင်းလုံခြုံရေးဝန်ဆောင်မှု သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ “MOSSCA” နှင့် သက်သေခံလက်မှတ်သုံးစွဲမည့်သူ “Subscriber” တို့သည် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်နှင့် သက်ဆိုင်သော ဝန်ဆောင်မှုပေးခြင်း၊ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာရန်လိုအပ်ပါသည်။

### ၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ဤဖော်ပြပါစကားရပ်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အဓိပ္ပါယ်ကောက်ယူရမည်ဖြစ်ပါ သည်။

၂.၁ **“သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ ( Certificate Authority (CA))”** ဆိုသည်မှာ အီလက်ထရောနစ် ထိုးမြဲလက်မှတ်နှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်မှုဗဟိုအဖွဲ့မှ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ကိုရရှိပြီး အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအတိုင်း လုပ်ငန်းဆောင်ရွက်နေသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုလိုသည်။ မြန်မာအွန်လိုင်းလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက် သည် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ (MOSSCA) အဖြစ် ဆောင်ရွက်လုပ်ကိုင်လျှက် ရှိပါသည်။

၂.၂ **“မှတ်ပုံတင်ခွင့်လုပ်ပေးပိုင်ခွင့်ရှိသူ (Registration Authority (RA))”** ဆိုသည်မှာ သက်သေခံလက်မှတ် လျှောက်ထားသူ၏ လျှောက်လွှာပါအကြောင်းအရာများနှင့် ပါတ်သက်၍ လက်ခံ ဆောင်ရွက်မှတ်တမ်းတင်ခြင်း (Registration)၊ လျှောက်ထားသူ အမှန်တကယ်ဟုတ်မဟုတ် စစ်ဆေး ခြင်း (Identification) နှင့် သက်သေခံမှုစစ်ဆေးခြင်း (Authentication) တို့အတွက် တာဝန်ယူ ဆောင်ရွက်ပေးသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ RA သည် CA ၏ကိုယ်စား အချို့သောတာဝန် များကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂.၃ **“သုံးစွဲသူ (Subscriber)”** ဆိုသည်မှာ သက်သေခံလက်မှတ်တွင် PKI နည်းပညာအရ အမည်ဖော်ပြထားသော အီလက်ထရောနစ်ထိုးမြဲလက်မှတ်ရေးထိုးသူ အမှန်ဖြစ်ကြောင်း သတ်မှတ်ခြင်းခံရသည့်ပုဂ္ဂိုလ် (သို့မဟုတ်) အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလိကအဖွဲ့အစည်း ကိုဆိုလိုသည်။

၂.၄ **"သက်သေခံလက်မှတ် (Certificate)"** ဆိုသည်မှာ အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ ဒစ်ဂျစ်တယ်လက်မှတ်ရေးထိုးသူနှင့် လက်မှတ်ရေးထိုးသူ အသုံးပြုသော ထိုးမြဲလက်မှတ်တို့၏ ဆက်နွယ်မှုကိုသေခြာစေသည့် အီလက်ထရောနစ် အချက်အလက်သတင်းလွှာကိုဆိုလိုသည်။ အဆိုပါ သက်သေခံလက်မှတ်ဟုဆိုရာတွင် RootCA ၏သက်သေခံလက်မှတ်၊ CA၏သက်သေခံလက်မှတ် ဝှာရမ်းသုံးစွဲသူ၏သက်သေခံလက်မှတ်များ ပါဝင်သည်။

၂.၅ **"သက်သေခံလက်မှတ်ပေါ်လစီ** (Certificate Policy (CP))" ဆိုသည်မှာ သာမန်လုံခြုံမှုလိုအပ်ချက်များနှင့်အညီ အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) အသုံးချမှုအဆင့်အတန်းတစ်ခုအတွက် သက်သေခံလက်မှတ် အသုံးပြုနိုင်မှုကို ဖော်ပြသော မူဝါဒအစုအဖွဲ့ကိုဆိုလိုသည်။

၂.၆ **"သက်သေခံလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လိုက်နာကျင့်သုံးရမည့်နည်းလမ်းများ** (Certificate Practice Statement (CPS))" ဆိုသည်မှာ သက်သေခံလက်မှတ်ထုတ်ပေးရာတွင် သက်သေခံ လက်မှတ်ထုတ်ပေးခွင့်ရှိသူမှ ကြီးကြပ်မှုဗဟိုအဖွဲ့၏ အတည်ပြုပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ကျင့်သုံးရမည့် နည်းလမ်းများ ဖော်ပြချက်ကို ဆိုလိုသည်။

၃။ <u>MOSSCA ၏ တာဝန်ဝတ္တရားများ</u>

ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များအရ ဒစ်ဂျစ်တယ်သက်သေခံလက်မှတ် အသုံးပြုမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ သက်သေခံလက်မှတ် ရေးထိုးသူ/အချက်အလက်ပေးပို့သူနှင့် သုံးစွဲသူ/လက်ခံသူ တို့အကြား အပြန်အလှန်စစ်ဆေးနိုင်ရန်ရည်ရွယ်၍ MOSSCA သည် Subscriber များထံသို့ အောက်ဖော်ပြပါ ဝန်ဆောင်မှုများကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။

(က) ဒစ်ဂျစ်တယ်သက်သေခံလက်မှတ် လျှောက်ထားခြင်းကို လက်ခံပြီး ကနဦးမည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးခြင်း။

(ခ) MOSSCA မှ Subscriber သို့ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များကို အချက်အလက်များ မှန်ကန်စွာဖြင့် ထုတ်ပေးခြင်း။

(ဂ) ဒစ်ဂျစ်တယ်သက်သေခံလက်မှတ် သက်တမ်းတိုးပေးခြင်း။

(ဃ)ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်၏ Public Key file ကို MOSSCA ၏ Website ဖြစ်သော www.moss.com.mm တွင် Publish ပြုလုပ်ပေးခြင်း။

(င) ဒစ်ဂျစ်တယ်သက်သေခံလက်မှတ် ပယ်ဖျက်ပေးရန်တောင်းဆိုခြင်းအတွက် စစ်ဆေးခြင်း၊ အတည်ပြုပေးခြင်း နှင့် အချက်အလက်မှန်ကန်၍ အကြောင်းအရာခိုင်လုံမှုရှိပါက ပယ်ဖျက်ပေးခြင်း။

(စ) သက်သေခံလက်မှတ်လျှောက်ထားခြင်း (သို့မဟုတ်) သက်သေခံလက်မှတ်ပြုလုပ်ခြင်းတို့ကို စီမံဆောင်ရွက်ရာတွင် သက်သေခံလက်မှတ်မှ အချက်အလက်များကို သက်သေခံလက်မှတ် လျှောက်ထားခြင်းကိုအတည်ပြုသူ (သို့မဟုတ်) သက်သေခံလက်မှတ်ပြုလုပ်သူ၏ သတိချို့ယွင်းချက်ကြောင့် အမှားမပါစေခြင်း။

Building (17), Ground Floor, MICT Park, Universities' Hlaing Campus, Hlaing Township, Yangon, Myanmar

Tel : 95-1 521128, 521129, Email : operating@moss.com.mm


(ဆ)ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရာတွင် ယုံကြည်စိတ်ချရသော စနစ် (Trustworthy System) များကိုသာ အသုံးပြုရမည်ဖြစ်ပြီး မသက်ဆိုင်သူမှ ခွင့်ပြုချက် မရပဲ ဝင်ရောက်ခြင်း၊ အသုံးပြုခြင်း မဖြစ်ပေါ်စေရန် လုံခြုံမှုရှိသည့်စီမံထားမှုများ ထားရှိ ဆောင်ရွက်ခြင်း။

(ဇ) သက်သေခံလက်မှတ်မှတ်တမ်းတိုက်တွင် Public Key Certificate များနှင့် ပယ်ဖျက်ခံ ထားသော သက်သေခံလက်မှတ်ပယ်ဖျက်စာရင်း (CRL) များကို သတ်မှတ်ချက်များအတိုင်း အချိန်နှင့် တပြေးညီ Update ပြုလုပ်ပေးခြင်း။

## ၄။ Subscriber ၏ တာဝန်ဝတ္တရားများ

(က) ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်လျှောက်ထားသူမှ ပေးသော အချက်အလက်များ၊ လျှောက်လွှာ တွင် ရေးသွင်းသောအချက်အလက်များ၊ ပူးတွဲရမည့်စာရွက်စာတမ်းများအား မှန်ကန်စွာရေးသား၊ ဖြည့်စွက် ပူးတွဲတင်ပြရန်။

(ခ) ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ကို လျှောက်လွှာလျှောက်ထားသူကိုယ်တိုင် လာရောက်ထုတ်ယူရန်

(ဂ) ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်အား Subscriber ကိုယ်တိုင် (သို့) Subscriber ၏ ခွင့်ပြုချက် မရရှိပဲ Install မပြုလုပ်နိုင်ရန် သိမ်းဆည်းရန်။

(ဃ)ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်တွင် ပါဝင်သည့် Public Key နှင့်သက်ဆိုင်သော Private Key ကို အသုံးပြု၍ ရေးထိုးထားသော ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်တိုင်းသည် ဝှားရမ်းသုံးစွဲသူ၏ Digital Signature ဖြစ်သည်။ သက်တမ်းကုန်ဆုံးခြင်း (သို့) ပယ်ဖျက်ခြင်းခံထားရသော အခြေအနေ မျိုးတွင် ထိုဒစ်ဂျစ်တယ်သက်သေခံ လက်မှတ်ကို အသုံးပြု၍ လက်မှတ်ရေးထိုးခြင်းမပြုလုပ်ရန်။

(င)Subscriber ၏ ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်အား ယင်းတွင်ဖော်ပြပါရှိသော Key Agreement အတိုင်းသာ အသုံးပြုရမည်။ MOSSCA ၏ သက်သေခံလက်မှတ်ကဲ့သို့ သက်သေခံလက်မှတ် များအား Sign ထိုးခြင်း၊ CRL လက်မှတ်ထိုးခြင်း မပြုလုပ်ရန်။

(စ)Subscriber သည် MOSSCA ၏ CPS (https://www.moss.com.mm/download.html/CPS) တွင် ပါရှိသည့် ခွင့်ပြုထားသည့် တရားဝင် ဥပဒေဆိုင်ရာရည်ရွယ်ချက်များ အတွက်သာ အသုံးပြုရန်။

(ဆ)ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်နှင့် Private Key File များကို တစ်ခြားသူများ အလွယ်တကူ သုံးစွဲခြင်း မပြုနိုင်ရန် သက်သေခံလက်မှတ်အသုံးပြုမည့် ကွန်ပျူတာကို သေချာစွာ ကာကွယ်ထားရန်။

(ဇ) Subscriber ၏ ယုံကြည်စွာလွှဲအပ်ခြင်းခံရသူ (သို့) Subscriber ၏ ကိုယ်စားလှယ်သည် အကြောင်းတစ်ခုခုကြောင့် အလုပ်မှနုတ်ထွက်သွားပါကလည်းကောင်း၊ သက်သေခံလက်မှတ် ပျောက်ဆုံးပါက လည်းကောင်း၊ ခိုးယူခံရသည်ဟုသံသယရှိပါကလည်းကောင်း MOSSCA သို့ ချက်ချင်းအကြောင်းကြား၍ လိုအပ်ပါက ယင်းသက်သေခံ လက်မှတ်အား ပယ်ဖျက်ရန်။

## ၅။ ဝန်ဆောင်မှုအတွက်အဖိုးအခပေးချေခြင်း

Subscriber သည် MOSSCA မှ ပံ့ပိုးပေးသော Class 3 အမျိုးအစား၊ Signing and Encryption ပြုလုပ်နိုင်သည့် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ဝန်ဆောင်မှုကို သုံးစွဲခြင်းအတွက် အဖိုးအခကို ပေးချေရာတွင် သက်သေခံလက်မှတ်ထည့်သွင်းယူဆောင်လာသည့် Storage Device (e-Token/USB) အမျိုးအစားပေါ်မူတည်၍ အောက်ပါသတ်မှတ်ပေးထားသည့် တန်ဖိုးအတိုင်းပေးချေရမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) အစိုးရဌာနဆိုင်ရာများ | ၇၃၅၀၀ ကျပ် (e-Token) | ၁၅၀၀၀ ကျပ် (USB) |
| (ခ) ပုဂ္ဂလိက | ၈၇၀၀၀ ကျပ် (e-Token) | ၃၀၀၀၀ ကျပ် (USB) |

## ၆။ လျှို့ဝှက်ထားရန်ဖြစ်သောကိစ္စများ

MOSSCA သည် သက်သေခံလက်မှတ်လျှောက်ထားသူ၊ သက်သေခံလက်မှတ်သုံးစွဲသူနှင့် သက်ဆိုင်သည့် ကိုယ်ရေးအချက်အလက်များကို လုံခြုံမှုရှိအောင် စီမံဆောင်ရွက်ထားရှိပါသည်။ ပုဂ္ဂိုလ်ရေးအချက်အလက်များ လျှို့ဝှက်ထားရန် အတွက် MOSSCA ၏ CPS ရှိ စာမျက်နှာ (၅၆)၊ အပိုဒ် (၉.၄) ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်သည်။ ယင်း CPS ကို ( https://www.moss.com.mm/download.html/CPS) တွင်ဖော်ပြထားပါသည်။

MOSSCA မှထုတ်ပြန်ထားသော MOSSCA Protection Plan အပြင် Subscriber Agreement တို့တွင် ပါဝင်သောအာမခံတာဝန်ကန့်သတ်ချက်များမှအပ အကျုံးဝင်မည်မဟုတ်ပါ။ သက်သေခံ လက်မှတ်ငှားရမ်းသုံးစွဲသူ၏ Liability နှင့် Limitation ကို MOSSCA ၏ Website (https://www.moss.com.mm/download.html/CPS) တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

## ၇။ အကြောင်းကြားစာ

Subscriber သည် MOSSCA နှင့် လိုအပ်သောဆက်သွယ်မှုများကို မြန်မာဘာသာဖြင့်ပေးပို့ရပါမည်။ အဆိုပါအကြောင်းကြားစာကို တံဆိပ်ခေါင်းကပ်ထားသောစာဖြင့်ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ MOSSCA ၏ Website တွင်ဖော်ပြထားသောလိပ်စာ (သို့မဟုတ်) သက်သေခံလက်မှတ်ရောင်းချရာတွင် ပေးအပ်သော အရောင်းပြေစာ၌ ဖော်ပြထားသောလိပ်စာ (သို့မဟုတ်) တရားဝင်ပြောင်းလဲထားသော လိပ်စာများအတိုင်း ရေးသားပေးပို့ရပါမည်။

သုံးစွဲသူ "Subscriber" ကျွန်တော်/ကျွန်မ ( )သည် အထက်ဖော်ပြပါပြဌာန်းချက်များကို ကိုယ်တိုင်ဖတ်ရှု သိရှိနားလည်ပြီး ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

**သုံးစွဲသူ "Subscriber"**

| | |
|---|---|
| လက်မှတ် | -------------------------- |
| အမည် | -------------------------- |
| ရာထူး/ဌာန | -------------------------- |
| MACCS's ID | -------------------------- |